# ကုလသမဂ္ဂအတွင်းရေးမှူးချုပ်နှင့် ဇနီးနှင့်အဖွဲ့ဝင်များ ရှမ်းပြည်နယ် ဟိုပုံးမြို့နယ် ကျောက်ကချားကျေးရွာရှိ UNODC နှင့် နိုင်ငံတော်အစိုးရတို့ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် ဘိန်းအစားထိုး သီးနှံစိုက်ပျိုးရေးစီမံကိန်းအား ကြည့်ရှုလေ့လာ

နေပြည်တော် ဧပြီ ၃၀

ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် H.E.Mr. BAN Ki-moon နှင့် ဇနီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ပြည်ထဲရေးဝန်ကြီးဌာနနှင့် နိုင်ငံခြားရေးဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများ လိုက်ပါလျက် ယနေ့မွန်းလွဲ ၂ နာရီတွင် ကုလသမဂ္ဂအထူးလေယာဉ်ဖြင့် နေပြည်တော်မှထွက်ခွာရာ ရှမ်းပြည်နယ် ဟဲဟိုးမြို့သို့ မွန်းလွဲ ၂ နာရီခွဲတွင် ရောက်ရှိကြသည်။

ဧည့်သည်တော် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်နှင့်ဇနီး ဦးဆောင်သည့် အဖွဲ့အား ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်နှင့်ဇနီး၊ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်စိုးထွန်း၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဒေသခံတိုင်းရင်းသား၊ တိုင်းရင်းသူများက ဟဲဟိုးလေဆိပ်မှ ကြိုဆိုကြသည်။

ထို့မှတစ်ဆင့် ဧည့်သည်တော် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်နှင့် ဇနီးနှင့် အဖွဲ့ဝင်များသည် ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးတို့နှင့်အတူ ရဟတ်ယာဉ်ဖြင့် ဟိုပုံးမြို့နယ် ကျောက်ကချားကျေးရွာရှိ UNODC နှင့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရတို့ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် ဘိန်းအစားထိုး သီးနှံစိုက်ပျိုးရေးစီမံကိန်းသို့ ရောက်ရှိကြရာ ဒေသခံပြည်သူများက နိုင်ငံတော်အလံငယ်များဝှေ့ယမ်း၍ သောင်းသောင်းဖြဖြ ကြိုဆိုကြသည်။

ထို့နောက် စီမံကိန်းရှင်းလင်းဆောင်တွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဒုတိယရဲချုပ် ရဲမှူးချုပ်ဇော်ဝင်းက မူးယစ်ဆေးဝါးလျှော့နည်းပပျောက်ရေးအတွက် နိုင်ငံတော်က အမျိုးသားရေး တာဝန်တစ်ရပ်အနေဖြင့် သတ်မှတ်ပြီး ခေတ်အဆက်ဆက်ကြိုးပမ်းဆောင်ရွက်ခဲ့မှုများ၊ နိုင်ငံတော်အား မူးယစ်ဆေးဝါးလုံးဝကင်းစင်၍ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီးဖြစ်ပေါ်လာစေရေး ဘိန်းစိုက်ပျိုးမှုများ လျှော့နည်းကျဆင်းရေးအတွက် မူးယစ်ဆေးဝါးပပျောက်ရေး (၁၅)နှစ် စီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်မှုများ၊ မြန်မာနိုင်ငံတွင် ဘိန်းစိုက်ပျိုးမှုများ လျှော့ချနိုင်ရန် ဘိန်းခင်းဖျက်ဆီးမှုများကို တိုးမြှင့်ဆောင်ရွက်ခဲ့မှုများ၊ ၂၀၁၁-၂၀၁၂ ခုနှစ် ဘိန်းစိုက်ရာသီအတွင်း ၂၃၅၈၄ ဒသမ ၈၅ ဟက်တာအထိ ဖျက်ဆီးနိုင်ခဲ့သဖြင့် ယခင်နှစ်ထက် သုံးဆကျော်ပိုမိုဖျက်ဆီးနိုင်ကာ ဘိန်းထုတ်လုပ်မှုကို လျှော့ချနိုင်ခဲ့မှုများနှင့် မူးယစ်ဆေးဝါး ပပျောက်ရေးသည် မြန်မာနိုင်ငံတစ်နိုင်ငံတည်းဆောင်ရွက်၍ မရနိုင်သဖြင့် နိုင်ငံတကာအဖွဲ့အစည်းများ၊ ဒေသတွင်းနိုင်ငံများ၊ အိမ်နီးချင်းနိုင်ငံများနှင့်ပါ အရှိန်အဟုန်မြှင့်ပြီး ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

ယင်းနောက် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်နှင့် ဇနီးနှင့်အဖွဲ့ဝင်များသည် စီမံကိန်းရှင်းလင်းဆောင်ရှုရပ်မှ ဘိန်းအစားထိုးသီးနှံ စိုက်ပျိုးထားရှိမှုကို ကြည့်ရှုလေ့လာကြသည်။

## ကြည့်ရှုအားပေး

ထို့နောက် UNODC မှ တာဝန်ရှိသူများနှင့်ဒေသခံတိုင်းရင်းသား ပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ပြီး UNODC မှ ဒေသခံတိုင်းရင်းသားပြည်သူများအား ဆန်များပေးဝေနေမှုကို ကြည့်ရှုအားပေးသည်။

ယင်းနောက် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ တိုင်းရင်းသားများက ကုလသမဂ္ဂအတွင်းရေးမှူးချုပ်နှင့် ဇနီးတို့အား မိုးရာယဉ်ကျေးမှု လက်ဆောင်များကို ပေးအပ်ကြသည်။

## ပေးအပ်

ထို့နောက် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်နှင့်ဇနီးနှင့်အဖွဲ့ဝင်များသည် ဟိုပုံးမြို့မှတစ်ဆင့် ဟဲဟိုးမြို့သို့ ပြန်လည်ထွက်ခွာလာကြပြီး ဟဲဟိုးလေဆိပ်ရှင်းလင်းဆောင်သို့ရောက်ရှိရာ ရှမ်းတိုင်းရင်းသူလေးများက ကျောက်စီပန်းချီကားကို လက်ဆောင်အဖြစ် ပေးအပ်သည်။

ယင်းနောက် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်နှင့် ဇနီးနှင့်အဖွဲ့ဝင်များသည် ဟဲဟိုးလေဆိပ်မှ ထွက်ခွာလာရာ ညနေပိုင်းတွင် နေပြည်တော်သို့ ပြန်လည်ရောက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)





**ကြည့်ရှုလေ့လာ**

ကုလသမဂ္ဂအတွင်းရေးမှူးချုပ် H.E.Mr. BAN Ki-moon နှင့်ဇနီးတို့ ဘိန်းအစားထိုးသီးနှံ စိုက်ပျိုးထားရှိမှုကို ကြည့်ရှုလေ့လာကြစဉ်။ (သတင်းစဉ်)